## (၁၁-၁၂-၂၀၂၀) မှ (၁၇-၁၂-၂၀၂၀)ထိ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေလေ့လာသုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ရက်နေ့တွင် **International Rice Market Website** တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀%) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၂ ဖြင့်လည်းကောင်း၊ ဧည့်မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၅ ဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅%)ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၅ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ၄၉၈ ဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၃ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ယခုတစ်ပတ်တွင် ပြည်ပဆန်ဈေးကွက်အခြေအနေကို လေ့လာကြည့်မည်ဆိုပါက ထိုင်း၊ ပါကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်အမျိုးအစားများအားလုံး ဈေးမြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများတည်ငြိမ်နေလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ယခုနှစ်တွင် ဆန်ဝယ်လိုအားများလျက်ရှိသော်လည်း ရန်ကုန်ဆန်ဈေးကွက်သို့ ယခင်နှစ်များကထက် ဆန်ဝင်ရောက်မှု လျော့နည်းလာခဲ့ပြီး၊ ဆန်ဈေးနှုန်းများမှာ ပြီးခဲ့သည့်အောက်တိုဘာလက တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ ဝန်းကျင်အထိသာရှိရာမှ လက်ရှိတွင်ကျပ် ၂၂၀၀၀ ဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ရန်ကုန်ဘုရင့်နောင်ဆန်ဈေးကွက်သို့ ဧရာဝတီတိုင်းမှ ဆန်များအများဆုံးဝင်ရောက်လျက်ရှိပြီးယခု ၂၀၂၀ ပြည့်နှစ်အတွင်း မိုးများခြင်း၊မုန်တိုင်းဒဏ်ခံရခြင်း တို့ကြောင့် စပါးအထွက်နှုန်းလျော့ကျသွားခဲ့ကာထွက်ရှိသည့်စပါးမှာလည်း အစိုဓာတ်များခြင်းကြောင့် ကြိုက်ခွဲပြီးထွက်ရှိ

လာသည့်ဆန်အထွက်နည်းကြောင်း သိရှိရပါသည်။ စပါးအထွက်နှုန်း လျော့နည်းမှု၊ တရုတ်နိုင်ငံနယ်စပ်မှ ဆန်အဝယ်ရှိမှုတို့ကြောင့်ဆန်ကိုထိန်းပြီး ရောင်းချနေကြသဖြင့် ဈေးကွက်တွင် ဆန်လိုအပ်ချက် မြင့်တက်လာကြောင်းဘုရင့်နောင်ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူးဦးသန်းဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးစပါးနှင့် နွေစပါးစုစုပေါင်းစိုက်ဧက ၁၈သန်းနီးပါးစိုက် ပျိုးပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် စိုက်ဧက၁၇.၃၁သန်းရှိကာ ငါးနှစ်အတွင်း စပါးသီးနှံစိုက်ပျိုးဧက အနည်းဆုံးနှစ်ဖြစ်ကြောင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရှိရပါသည်။ မြန်မာနိုင်ငံတွင် နှစ်အလိုက် မိုးစပါးနှင့် နွေစပါးစုစုပေါင်းစိုက်ပျိုးမှုအခြေအနေကို လေ့လာကြည့်ပါက ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင်မိုးစပါး ၁၅.၃၇ သန်း၊ နွေစပါး ၂.၄၅ သန်းဖြင့် စုစုပေါင်းစိုက်ဧက ၁၇.၈၂ သန်း၊ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၅.၂၄ သန်း၊ နွေစပါး ၂.၄၆ သန်းဖြင့် စုစုပေါင်းစိုက်ဧက ၁၇.၇၀ သန်း၊ ၂၀၁၇–၂၀၁၈ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၅.၂၂ သန်း၊ နွေစပါး ၂.၇၁ သန်းဖြင့်စုစုပေါင်းစိုက်ဧက ၁၇.၉၃ သန်းရှိကြောင်း သိရှိရပါသည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၅.၀၈ သန်း၊ နွေစပါး ၂.၇၈ သန်းဖြင့် စုစုပေါင်းစိုက်ဧက ၁၇.၈၆သန်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၄.၉၈ သန်း၊ နွေစပါး ၂.၃၃သန်းဖြင့် စုစုပေါင်းစိုက်ဧက ၁၇.၃၁ သန်း စိုက်ပျိုးထားကြောင်း သိရှိရပါသည်။၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆည်ရေဖြင့် မိုးစပါးနှင့် နွေစပါးစိုက်ဧက ၂.၁၀သန်းကျော်စိုက်ပျိုးနိုင်ပြီး ယခင်နှစ်ကာလတူထက် ဆည်ရေဖြင့်စိုက်ပျိုးနိုင်မှုဧက တစ်သိန်းကိုးသောင်းကျော် လျော့ကျခဲ့ကြောင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

မြန်မာ–တရုတ်နယ်စပ်ဒေသဖြစ်သောမူဆယ်မြို့တွင် ၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၀၉ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ၂၅%ဆန်တစ်အိတ်လျှင် ၂၄၀၃၅ကျပ်မှ ၂၅၀၈၀ကျပ်ကြား ပေါက်ဈေး ရှိကြောင်း သိရှိရပါသည်။ မြန်မာ–ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ပြည့်နှစ်၊ဒီဇင်ဘာလ ၁၇ရက်နေ့

တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်းသိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၃၀၀ ကျပ်၊ မုံရွာ မြို့တွင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ၁၉၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံ၊ ပျဉ်းမနားနှင့် နေပြည်တော်မြို့တွင် ၁၁၀၀ ကျပ်၊ မန္တလေးမြို့တွင် ၁၀၅၀ ကျပ်၊ စစ်တွေ၊ ပုသိမ်နှင့် မော်လမြိုင်မြို့တွင် ၁၀၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဂ.၄၄ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလဒုတိယပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲ မှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်းဆန်ဈေးနှုန်းများ အတက်/အကျပြောင်းလဲမှုများဖြစ်ပေါ်နေ သည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**